## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့(၂၈.၂.၂၀၁၂)ရက်နေ့တွင် ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနု တင်သွင်းသည့် အဆိုဆိုင်ရာ ဆောင်ရွက်ချက်များ

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းနုက တတိယအဆိုကို လွှတ်တော်သို့ ပေးပို့လာပါတယ်။ “ယာဉ်အမျိုးအစားအလိုက် တင်ခွင့်ပြုနိုင်သည့် တန်အရေအတွက်များ သတ်မှတ်ထားသော်လည်း သတ်မှတ်ခွင့်ပြုတန်ချိန်ထက် ပိုမိုတင်ဆောင်ပြီး၊ ဂိတ်များတွင် ညှိနှိုင်းဆောင်ရွက်ကြခြင်း၊ ယင်းတို့ညှိနှိုင်းဆောင်ရွက်ကြသဖြင့် ကုန်ကျစရိတ်ပိုစေခြင်း၊ ကုန်ကျစရိတ်ပိုသဖြင့် ကုန်ဈေးနှုန်းတည်ငြိမ်မှုအား အထိုက်အလျောက် ထိခိုက်စေခြင်း၊ တန်ပိုမှုကြောင့် လမ်း၊ တံတားကြံ့ခိုင်မှု ထိခိုက်စေခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ ကုန်တင်မော်တော်ယာဉ်ကြီးများအား မိမိဒေသအခြေအနေနှင့် လိုက်လျောညီထွေမှုရှိစေရေးအတွက် ခြောက်ဘီးယာဉ်များအား (၂၅)တန်အထိလည်းကောင်း၊ ဆယ်ဘီးယာဉ်များအား(၃၀)တန်အထိလည်းကောင်း တိကျစွာ သတ်မှတ်၍ တင်ဆောင်စေပြီး၊ စည်းကမ်းမလိုက်နာသော ယာဉ်များအား ထိရောက်စွာ အရေးယူမှုများ ပြုသွားမည် ဆိုပါက အဘက်ဘက်မှ အဆင်ပြေစေနိုင်မည်ဖြစ်သဖြင့် စိစစ်ဆောင်ရွက်နိုင်ပါရန်” အဆိုကို ပေးပို့လာပါတယ်။ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းနုက တတိယအဆိုကို တင်သွင်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းနု(ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး နဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား-

ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနု ဖြစ်ပါတယ်။ ကျွန်တော့အနေနဲ့ ဒီကနေ့ပြုလုပ်ကျင်းပတဲ့ ပထမအကြိမ်ရှမ်းပြည်နယ် လွှတ်တော်တတိယ ပုံမှန်အစည်းအဝေးမှာ “ကုန်စည်အား သယ်ယူပို့ဆောင်မှုကိစ္စ” နဲ့ ပတ်သက်ပြီး အဆိုပြုတင်ပြသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရဟာ ပြည်သူများ ခရီးသွားလာမှု လုံခြုံချောမွေ့စေရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေး၊ ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် မိမိနိုင်ငံအတွင်း အခြေခံကာဒေသအတွင်း နိုင်ငံများနဲ့ ဆက်စပ်ညှိနှိုင်းပြီး ကုန်စည်များစီးဆင်းမှု မှန်ကန်မြန်ဆန်စေရေး၊ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိနေတာ တွေ့ရှိရပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ လမ်း၊ တံတားများ၏ ကြံ့ခိုင်မှုနှင့် ချိန်ဆပြီး၊ ယာဉ်အမျိုးအစားအလိုက် တင်ဆောင်ရတဲ့ အလေးချိန်(တန်)များ သတ်မှတ်ပေးကာ လုပ်ငန်းများ လည်ပတ်စေလျှက်ရှိနေတာကို တွေ့ရှိရပါတယ်။ သတ်မှတ်တန်ချိန်ထက် ပိုမိုတင်ဆောင်လာသော ယာဉ်များအား တန်ဖိုးကြေး

ပေးဆောင်စေကာ လမ်း၊ တံတားလုပ်ငန်းမှ ဘဏ္ဍာငွေများ ရရှိစေလျှက်ရှိနေကြောင်းလည်း သိရှိရပါတယ်။

သို့ရာတွင် အချို့သော မော်တော်ယာဉ်များအနေဖြင့် သတ်မှတ်တန်ချိန်များထက် ပိုမိုတင်ဆောင်လာကာ ဖြတ်သန်းရာဂိတ်များ၊ လမ်းတံတားခကောက်ခံရေး စခန်းများတွင် ညှိနှိုင်းကာ တင်ဆောင်သွားလာလျှက် ရှိနေတာကိုလည်း တွေ့ရှိရပါတယ်။ ယင်းကဲ့သို့ တန်ဖိုးများတင်ဆောင်ပါက တန်ဖိုးကျေးအသင့်အတင့်ပေးပြီး ညှိနှိုင်းဆောင်ရွက်ကြခြင်းအားဖြင့် -

- မလိုလားအပ်သော ငွေကြေးဆိုင်ရာပြဿနာများ ပေါ်ပေါက်လာနိုင်ခြင်း - လမ်း၊ တံတားများ၏ ရေရှည်ကြံ့ခိုင်မှုအား ထိခိုက်စေခြင်း
- ကုန်ဈေးနှုန်းများ မတည်ငြိမ်မှုကို ဖြစ်ပေါ်စေနိုင်ခြင်းများ ဖြစ်ပေါ်စေနိုင်ပါတယ်။

သို့ဖြစ်ပါ၍ အပိုတင်တန်ဖိုးများအား တန်ဖိုးကျေးပေးဆောင်စေမှုအစား မိမိဒေသနှင့်လိုက်လျောညီထွေမှုဖြစ်စေတဲ့ သဟာဇာတဖြစ်စေတဲ့၊ ဥပမာအားဖြင့် -

(က) ခြောက်ဘီးယာဉ်အား (၂၅)တန်အထိလည်းကောင်း

(ခ) ဆယ်ဘီးယာဉ်အား (၃၀)တန်အထိလည်းကောင်း တိကျစွာ သတ်မှတ်ပေးပြီး သတ်မှတ်စည်းကမ်းလိုက်နာရန် ပျက်ကွက်သည့် ယာဉ်များအားထိရောက်စွာ အရေးယူဆောင်ရွက်ခြင်းဖြင့် ဖော်ပြပါ မလိုလားအပ်သော ပြဿနာများမှ ရှောင်လွှဲနိုင်မည်ဖြစ်တဲ့အပြင် အားလုံးအဆင်ပြေနိုင်မှာဖြစ်တဲ့အတွက် သင့်သလိုဆောင်ရွက်နိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ် ခင်ဗျာ။ ကျေးဇူးတင်ပါတယ်။ [ **ဩဘာသံများ** ]

ဥက္ကဋ္ဌ။ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းနု၏ အဆိုကိုထောက်ခံမယ့်သူရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးစိုင်းအောင်ခမ်း(မိုင်းပန်မဲဆန္ဒနယ်အမှတ်-၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းအောင်ခမ်း ဖြစ်ပါတယ်။ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းနု တင်သွင်းချက်အဆိုများကို ကျွန်တော့်အနေနဲ့ ထောက်ခံအပ်ပါ ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ [**ဩဘာသံများ**]

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးစိုင်းနု တင်သွင်းသော တတိယအဆိုကို ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွား ပါတယ်။ အဆိုကို လက်ခံဆွေးနွေးဖို့ သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါမယ်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက -

"သဘောတူပါသလား ခင်ဗျား"

**[(၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည် ။ လွှတ်တော်က သဘောတူပါသည်]**

ဥက္ကဋ္ဌ။ အဆိုကို လက်ခံဆွေးနွေးဖို့သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် ရှိပါသလား ခင်ဗျား။

အဆိုကို လက်ခံဆွေးနွေးဖို့သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးစိုင်းနုရဲ့ တတိယ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ [ **ဩဘာသံများ** ]

## ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့(၂၉.၂.၂၀၁၂) ရက်နေ့တွင် အဆိုကို ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဆွေးနွေးခြင်း

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ "ယာဉ်အမျိုးအစား အလိုက် တင်ဆောင်ခွင့်ပြုနိုင်သည့် တန်အရေအတွက်များ သတ်မှတ်ထားပါသော်လည်း သတ်မှတ်ခွင့်ပြု တန်ချိန်ထက်ပိုမိုတင်ဆောင်ပြီး ဂိတ်များတွင် ညှိနှိုင်းဆောင်ရွက်ကြခြင်း၊ ယင်းသို့ညှိနှိုင်း ဆောင်ရွက် ကြသဖြင့် ကုန်ကျစရိတ်ပိုစေပြီး၊ ကုန်ကျစရိတ်ပိုစေသဖြင့် ကုန်ဈေးနှုန်းတည်ငြိမ်မှုအား အထိုက် အလျောက် ထိခိုက်စေခြင်း၊ ဝန်ပိုမှုကြောင့် လမ်း၊ တံတား၊ ကြံ့ခိုင်မှု ထိခိုက်စေခြင်းများ ဖြစ်ပေါ် စေနိုင်ပါသည်။သို့ဖြစ်ပါ၍ ကုန်တင်ယာဉ် မော်တော်ယာဉ်ကြီးများအား မိမိဒေသနှင့် လိုက်လျောညီထွေမှု ရှိစေရေးအတွက် (၆)ဘီးယာဉ်များအား (၂၅)တန်ထိ လည်းကောင်း၊ (၁၀)ဘီးယာဉ်များအား တန်(၃၀)ထိ လည်းကောင်း တိကျစွာသတ်မှတ်၍ တင်ဆောင်စေပြီး စည်းကမ်းမလိုက်နာသော ယာဉ်များအား ထိရောက်စွာ အရေးယူမှုများ ပြုလုပ်မည်ဆိုပါက အဆင်ပြေစေမည်ဖြစ်သဖြင့် စီစစ်ဆောင်ရွက်နိုင်ရန်" အဆိုကိုတင်သွင်းခဲ့ပါတယ်။ အဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးမဲ့ကိုယ်စာလှယ်များ မရှိသည့်အတွက် ယင်းအဆိုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး မှ ရှင်းလင်းဆွေးနွေးပေးပါရန် ဖိတ်ခေါ်အပ်ပါတယ်။

ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါခင်ဗျား။ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းနုတင်သွင်းသော အဆိုဖြစ်သည့် "ယာဉ်အမျိုးစားအလိုက် တင်ခွင့်ပြုနိုင်သည့် တန်အရေ အတွက်များ သတ်မှတ်ထားပါသော်လည်း သတ်မှတ်ခွင့်ပြုတန်ချိန်ထက် ပိုမိုတင်ဆောင်ပြီး ဂိတ်များတွင် ညှိနှိုင်းဆောင်ရွက်ကြခြင်း၊ ယင်းသို့ ညှိနှိုင်းဆောင်ရွက်ကြသဖြင့် ကုန်ကျစရိတ်ပိုစေခြင်း၊ ကုန်ကျစရိတ်ပို သဖြင့် ကုန်ဈေးနှုန်းတည်ငြိမ်မှု့ အထိုက်အလျောက် ထိခိုက်စေခြင်း၊ ဝန်ပိုမှုကြောင့် လမ်း၊ တံတားကြံ့ခိုင်မှ ထိခိုက်စေခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ ကုန်တင်မော်တော်ယာဉ် ကြီးများအား မိမိဒေသ နှင့် လိုက်လျောညီထွေမှုရှိစေရေးအတွက်(၆)ဘီးယာဉ်များအား (၂၅)တန်ထိလည်းကောင်း၊ (၁၀)ဘီးယာဉ် များအား (၃၀)တန်ထိလည်းကောင်း တိကျစွာသတ်မှတ်၍ တင်ဆောင်စေပြီး စည်းကမ်းမလိုက်နာသော

ယာဉ်များအား ထိရောက်စွာ အရေးယူမည်ဆိုပါက အဘက်ဘက်မှ အဆင်ပြေစေနိုင်မည် ဖြစ်ပါသဖြင့်” ဆိုသည့်အဆိုအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ကျွန်တော် စိုင်းနော်ခမ်း ကနေ ဆွေးနွေးပေးပါ့မယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၁ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့စွဲပါ စာအမှတ်၊ ၉၂/၂၅၇/အဖရ (၁၈)/၂၀၁၁ဖြင့် အာဆီယံစံချိန်စံညွှန်းများနှင့်အညီ အသစ်ပြင်ဆင် သတ်မှတ်ထားသည့် ယာဉ်နှင့်ကုန်စုစုပေါင်းအလေးချိန် သတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၆)ဘီး၊ ဝင်ရိုး(၂)ချောင်းတပ် DYNA,CANTER ဘော်ဒီရှည် (၁၄)ပေ ယာဉ်များအတွက် (၅. ၅)တန်၊ (၆)ဘီးဝင်ရိုး(၂)ချောင်းတပ် ကုန်တင်ယာဉ်(၁၆)တန်၊ (၁၀)ဘီးဝင်ရိုး(၃)ချောင်းတပ် ကုန်တင်ယာဉ် (၂၁)တန်(၁၂)ဘီး ဝင်ရိုး(၄)ချောင်းတပ် ကုန်တင်ယာဉ်(၂၅)တန်၊ (၁၄)ဘီး ဝင်ရိုး(၄)ချောင်းတပ် ကုန်တင်ယာဉ်(၃၄)တန်၊ (၁၈)ဘီး ဝင်ရိုး(၅)ချောင်းတပ် ကုန်တင်ယာဉ်(၄၆)တန်၊ (၂၂)ဘီး ဝင်ရိုး(၆) ချောင်းတပ်ကုန်တင်ယာဉ် (၅၅)တန် သတ်မှတ်ထားပါတယ်။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။

ကျွန်တော်တို့နိုင်ငံသည် ယခုအခါ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံကို ဖော်ဆောင်နေပါတယ်ခင်ဗျား။ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံကို ဖော်ဆောင်ရာမှာ လွှတ်တော်မှာလည်း တာဝန်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များမှာလည်း တာဝန်ရှိပါတယ်။ အစိုးရအဖွဲ့အစည်း အသီးသီးမှာလည်း တာဝန်ရှိပါတယ်။ ပြည်သူ့အသံသည် လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒသည် လွှတ်တော်ဆန္ဒ ပြည်သူ့ဆန္ဒကို လွှတ်တော်ကဖော်ဆောင်လျက်၊ မှန်ပါတယ်ခင်ဗျား။ မှန်ပင်မှန်ငြားသော်လည်း မလိုလားအပ်သော စီးပွားရေးလုပ်တစ်စု လက်တစ်ဆုပ်စာ၏ (၆)ဘီးယာဉ်များအား (၂၅)တန်ထိလည်း ကောင်း၊ (၁၀)ဘီး ယာဉ်များအား (၃၀)တန်ထိလည်းကောင်း တင်ဆောင်လိုသည့် စိတ်ဆန္ဒသည် မိမိတို့နိုင်ငံတော်အကြီးအကဲများ ဖော်ဆောင်နေသည့် Good Government, Clean Govern- ment နှင့် လုံးဝမကိုက်ညီပါခင်ဗျား။ ယခုလွှတ်တော်မှာ အဆိုတင်သွင်းနေသည့် အဆိုသည် ပြည်ထောင်စုအစိုးရ အဖွဲ့မှ သတ်မှတ်ထားသည့်အမိန့်ကို ကျော်လွန်ရာ ရောက်ပါတယ်ခင်ဗျား။ မေတ္တာရပ်ခံခြင်းမဟုတ်ပါ အဆိုကို အဆိုအဖြစ်သော်လည်းကောင်း၊ အဆိုကို မေးခွန်းအဖြစ်သော်လည်းကောင်း ပြောင်းလဲပေးပါရန် တင်ပြခြင်းသာဖြစ်တဲ့အတွက် ၄င်း၏အဆိုအား ပြန်လည်ရုပ်သိမ်းသင့်သည်/မရုပ်သိမ်း သင့်သည်ကို ၎င်းကိုယ်တိုင်ဆုံးဖြတ်ရမည်ဖြစ်ကြောင်းနှင့် လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များမှ ဆုံးဖြတ်ပေးပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များအား ကျေးဇူးတင်ပါတယ်။ [ ဩဘာသံများ ]

ဥက္ကဋ္ဌ။ ယင်းအဆိုကို တင်သွင်းသော ကိုယ်စားလှယ်အနေဖြင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ(၁၁၉)၊ နည်းဥပဒေခွဲ (ဇ)အရ ပြန်ကြားဆွေးနွေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းနု(ကွန်ဟိန်းမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်၊ တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ကုန်စည်ပို့ဆောင်ရေးကိစ္စနှင့်ပတ်သက်ပြီး၊ အဆိုပြုတင်ပြခဲ့ပါတယ်။ ယင်းအဆိုကို သုံးသပ်ပြီး အဆိုအား ရုပ်သိမ်းပေးပါရန် ဝန်ကြီးမှ သုံးသပ်ညွှန်ကြားပါတယ်။ "မော်တော်ယာဉ်များ ကုန်ချိန်တင်နိုင်ခွင့်နှင့်ပတ်သက်ပြီး ပြည်ထောင်စုအဆင့်မှ ယာဉ်အမျိုးအစားအလိုက် သတ်မှတ်ထားကြောင်း သိပါသည်။ တန်ပိုကြေးသတ်မှတ်ပြီး ဒဏ်ကြေးငွေများ ပေးဆောင်စေလျက်ရှိကြောင်းလည်း သိပါသည်။ သို့သော် တန်ပိုတင်ဆောင်မှုများကြောင့် ဂိတ်များတွင် ညှိနှိုင်းမှုရှိနေသည့်ကိစ္စ၊ လမ်းတံတားများ ရေရှည်ကြံ့ခိုင်ရေးအား ထိခိုက်မှုရှိနေသည့်ကိစ္စ ဖြစ်ရပ်မှန်အား လွှတ်တော်သို့ တင်ပြလိုသည့်ရည်ရွယ်ချက်သာ အဓိကဖြစ်ပါသဖြင့် အဆိုအားပြန်လည်ရုပ်သိမ်းပါကြောင်း တင်ပြအပ်ပါသည် ခင်ဗျား။ [ ဩဘာသံများ ]

ဥက္ကဋ္ဌ။ ဦးစိုင်းနု၊ ကွန်ဟိန်းမဲဆန္ဒနယ် အမှတ်(၂)၏ "ယာဉ်အမျိုးအစား အလိုက် တင်ဆောင်ခွင့်ပြုနိုင်သည့် တန်အရေအတွက်များ သတ်မှတ်ထားပါသော်လည်း သတ်မှတ်ခွင့်ပြုတန်ချိန် ထက်ပိုမိုတင်ဆောင်ပြီး၊ ဂိတ်များတွင် ညှိနှိုင်းဆောင်ရွက်ကြခြင်း၊ ယင်းသို့ညှိနှိုင်းဆောင်ရွက်ကြသဖြင့် ကုန်ကျစရိတ် ပိုစေခြင်း၊ ကုန်ကျစရိတ်ပိုသဖြင့် ကုန်ဈေးနှုန်း တည်ငြိမ်မှုအား အထိုက်အလျောက် ထိခိုက်စေခြင်း၊ ဝန်ပိုမှုများကြောင့် လမ်းတံတားကြံ့ခိုင်မှုထိခိုက်စေခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ ကုန်တင်ယာဉ်မော်တော်ယာဉ်ကြီးများအား မိမိဒေသအခြေအနေနှင့် လိုက်လျောညီထွေမှု ရှိစေရေးအတွက် (၆)ဘီးတပ်ယာဉ်များအား (၂၈)တန်ထိလည်းကောင်း၊ (၁၀)ဘီးတပ်ယာဉ်များအား (၃၀)တန်ထိ လည်းကောင်း တိကျစွာသတ်မှတ်၍ တင်ဆောင်စေခြင်း၊ စည်းကမ်းမလိုက်နာသော ယာဉ်များအား ထိရောက်စွာ အရေးယူမှုများ ပြုလုပ်သွားမည်ဆိုပါက အဘက်ဘက်မှ အဆင်ပြေစေနိုင်မည်ဖြစ်သဖြင့် စိစစ်ဆောင်ရွက်ပေးနိုင်ပါရန်" အဆိုကို ရုပ်သိမ်းရန် လွှတ်တော်ရဲ့ ဆန္ဒကိုရယူပါ့မယ်။ အဆိုကို ရုပ်သိမ်းရန် လွှတ်တော်က -

**" သဘောတူပါသလား ခင်ဗျား။"**

**(၃ကြိမ်တိုင်တိုင်မေးပါသည်။လွှတ်တော်က သဘောတူပါသည်)**

လွှတ်တော်က သဘောတူသည့်အတွက် ၎င်းအဆိုကို ရုပ်သိမ်းကြောင်း ကြေငြာအပ်ပါတယ်။ **[ ဩဘာသံများ ]**